မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 8 /Issue 3 /March / 2015

## ယေရှုခရစ်တော် တပါးတည်သာ ကယ်တင်ရှင်

....လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။....
ရောမ၊ ၃း၂၃

ဘုရားနှင့်လူအကြား ကွာဟကွဲကွာနေမှုကို မိမိ၏ အားထုတ်ကြိုးပမ်းမှုဖြင့် မည်သူမျှ တံတားထိုး မရပါ။ သို့သော် ကယ်တင်ရှင်က ကျွန်ုပ်တို့၏ကိုယ်စား တံတားထိုးပေးရန် လောကသို့ကြွလာခဲ့သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်နှင့်အမှားများ အတွက် အသက်စွန့်၍ပေးဆပ်ကာ ဘုရားသခင် တောင်းဆိုသည့် အတိုင်း ပြီးစီးပြည့်စုံရန် အဆုံးတိုင်အောင် လုပ်ခဲ့သည်။ ကျွန်ုပ်တို့မတတ်နိုင်သည့် အမှုကို ခရစ်တော်က မေတ္တာဖြင့် အဘဘုရားတောင်းဆိုမှု မှန်သမျှကို ပြီးပြည့်စုံစွာ ပြုတော်မူခဲ့သည်။ ထို့ကြောင့် တုနှိုင်း၍ မရနိုင်သော ကယ်တင်ခြင်း လက်ဆောင်ကို လက်ခံပြီး ထိုသခင်အား ယုံကြည်ကိုးစားခြင်း ဖြင့်သာ ကျွန်ုပ်တို့ တံ့ပြန်ရပါမည်။




ကျွန်ုပ်တို့ကိုယ်စွမ်းဖြင့် မဖြတ်ကျော်နိုင်သော ဘုရားနှင့်လူကြား မိဿဟာယဖွဲ့ဖို့
ခရစ်တော်၏ ကားတိုင်တော်က တံတားထိုးကာ လမ်းခင်းပေးခဲ့၏။
ကယ်တင်ခြင်းကို ပေးပိုင်သော ယေရှုခရစ်တော်မှတပါး အခြားနာမတော် မရှိပါ။
ဘုရားသခင်၏ သိုးသူငယ် ယေရှုခရစ်တော် တပါးတည်သာ ကယ်တင်ရှင်ပါ။

~~~~~~~~~~~~~~~~~~~




**Global Prayer Day for Myanmar**

## 2015, February Events




*Laity's Sunday … March 29, 2915*

*Speaker … Mon Mon Soe*

*Sermon … Unconditional Love*

*Holy Communion*
*3/ 01/ 2015*
~~~~~~~~~~~~~~~
*B.C.F. Official Board Meeting*

*3/ 08/ 2015*
~~~~~~~~~~~~~~~
*Regular Sunday Service*

*3/ 15/ 2015*
~~~~~~~~~~~~~~~
*Regular Sunday Service*

*3/ 22/ 2015*
~~~~~~~~~~~~~~~
*Palm Sunday Service*

*3/ 29/ 2015*
~~~~~~~~~~~~~~~
*Every Service on Sunday*
*2:00PM*
*At*
*St. Luke's Episcopal Church*
*122 S. California Ave.*
*Monrovia, CA 91016*
~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

# 2014, Newly Elected B.C.F. Official Board Retreat

၂၀၁၅–ခုနှစ်၏ B.C.F. official board retreat ကို 122 S. California Ave. Monrovia, CA 91016 တွင်တည်ရှိ သော St. Luke's Episcopal Church, Swan Hall ၌၊ February 21, 2015 စနေနေ့ နံနက် 9:00AM အချိန်မှစ၍ ညနေ 4:30PM အချိန်ထိ ပြုလုပ်ခဲ့ပါသည်။

ဆရာ၊ ဆရာမများနှင့်တကွ အမှုဆောင်အဖွဲ့ဝင်အများ စုံညီစွာတက်ရောက်ကြပါသည်။ ၂၀၁၅–ခုနှစ် B.C.F အသင်းတော် ဥက္ကဋ္ဌမှာ ဦးကြည်ရှင်း ဖြစ်ပါသည်။

**Morning Devotion**: - 9:15 - 9:45 am

*Opening Song:* - ''Spirit of the Living God"
*Opening Prayer:* - Rev. Henry Ang
*Scripture:* - John 14:6
*Message:* - I am the way
*Hymns:* - "The way of the cross lead home"

**Annual reports**:- 10: 00am – 11: 00am
**Group Discussion**:-11:45am
**Lunch Time:**- 12:30 – 1:00 pm ,
Bless for the food - Rev. Henry Ang
**Break Time:-** 15 Minutes
**Group Presentation:-** 2:00pm- 4:30pm
**Monthly Special Programs & Events:**
**Closing song:-** "I know whom I have believed"
**Closing Prayer:-** Sayama Hsi Mu Shein

**Words of thanks:-** 2015, Newly B.C.F thanks each and everyone who participated and made B.C.F retreat a successful one. Thanks God for all His Blessing and giving opportunity to serve His service. And also thanks to John Ma for breakfast and Emily Ang for Lunch on behalf of BCF.

## 2015, B.C.F Board Members

Senior Pastor --- Rev. Henry Ang
Associate Pastor --- Rev. Livingstone Zan
Pastoral Staff --- Sayama Hsimu Shein

President --- U Kyi Shinn
Vice President --- John Ma

Secretary --- Emily Ang
Joint Secretary --- Yi Yi Aye

Treasurer --- San San Min
Joint Treasurer --- Fiona Ang

Auditor --- June Chen
Pianist --- Patricia Aung
Christian Literature Editer --- Yi Yi Aye

Trustee & Finance --- Dr. Charles Ang
Joint --- Ms. Joy Ang

Mission & Evangelism --- Shian Ma
Joint --- Robin Saw

Worship & Music --- John Ma
Joint --- Mon Mon Soe

Christian Education --- Alice Ang
Joint --- Juling Saputra

Social & Recreation --- Thin Thin
Joint --- Alice Ang
Joint --- Naw Win Mar

Youth President --- Kendrick Lim

## အားသစ်လောင်းတရားဒေသနာ –– ဟောပြောသူ Rev. Henry Ang

၂၀၁၅ တစ်နှစ်တာလုံးအတွက် စဉ်းစားဆင်ခြင် လိုက်လျှောက်ရန် Theme အဖြစ် ရွေးချယ်ထားသော အဓိကကျမ်းချက်ဖြစ်သည့် ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၄း၆ ယေရှုက၊ "ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။"

ထိုကျမ်းချက်၏ ပထမအချက်ဖြစ်သော "ငါသည်လမ်းခရီးဖြစ်၏။ I am the way" အကြောင်းကို ဦးတည်၍ ဟောကြားပါသည်။

သခင်ယေရှု အဖမ်းခံရချိန်နီးသာအခါ ထိုအကြောင်းကို ပြောပြပေမဲ့လည်း တပည့်တော်များက နားမလည်ကြပေ။ သို့သော် သခင်ယေရှု ရှင်ပြန်ထမြောက်ပြီး ကောင်းကင်ဘုံသို့ ပြန်ကြွသွားပြီးသည့်နောက်ပိုင်းမှ နားလည်သဘာပေါက်လာကြ၏။ ယနေ့အချိန်တွင် ကျွန်ုပ်တို့လည်းဘဲ "ငါသည်...လမ်းခရီးဖြစ်၏။ I am...the way" အကြောင်းကို နားလည်ကြပါပြီ။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများ the children of God ဖြစ်ကြ၍၊ အဘခမည်းတော်တည်ရှိရာ ထက်ရပ်ကောင်းကင်ဘုံသို့ တက်ရာလမ်းသည် သခင်ယေရှု ခရစ်တော်ပင်ဖြစ်သည်။ သခင်ယေရှု အသွေးတော်သွန်း၍ လူသားတွေအတွက် ပြစ်ကြွေးဆပ်ပေးခဲ့ပါသည်။

သခင်ယေရှု ခရစ်တော်တည်းဟူသောလမ်းကိုလျှောက်မှ ... သမ္မာတရားကိုသိမည်။
သခင်ယေရှု ခရစ်တော်တည်းဟူသောသမ္မာတရားကိုသိပါမှ... အသက်ကိုရမည်။

I am the way ... 1. The way out
2. The way through
3. The way in
4. The way up

### 1. The way out / လွတ်မြောက်ရာလမ်းခရီး

(က) အပြစ်သားဘဝမှလွတ်မြောက်စေသောလမ်းဖြစ်သည်။
(ခ) ဆုံးရှုံးခြင်းထဲကလွတ်မြောက်ရာလမ်းဖြစ်သည်။
(ဂ) စိတ်ပျက်ဝမ်းနည်းခြင်းမှလွတ်မြောက်လမ်းဖြစ်သည်။

### 2. The way through /အဆုံးတိုင်အောင်လျှောက်သွားရမည့်လမ်းခရီး

မနက်ဖန် ဘာဖြစ်မလဲဆိုတာ မည်သူမျှမသိနိုင်ပါ။ အနာဂါတ်က မသေချာပါဘူးလို့ လူတွေပြောဆိုကြသော်လည်း အနာဂါတ်ကို ချုပ်ကိုင်နိုင်တဲ့သူ သခင်ယေရှု တစ်ပါးတည်းသာလျှင် အနာဂါတ်အတွက် စိတ်ချရပါသည်။

ဣသရေလလူမျိုးများသည် တောထဲတွင် နေ့အချိန်၌ နေအားဖြင့်ငင်း၊ ည့်အချိန်၌ လအား ဖြင့်ငင်း၊ အထိအခိုက်မရှိ လှည့်လည်သွားလာရသည်။ စားစရာဖို့၊ ဝတ်စရာဖို့ မပူပန်ရ။ သူတို့၏ ခြေလည်း မပွန်းမပဲ့ရပါ။ ဘုရားသခင် ဂတိတည်သောဘုရား ဖြစ်တော်မူသောကြောင့် ဂတိတော် ကိုယုံကြည်၍ လိုက်လျှောက်ရင် အောင်မြင်မည်။

သင်တို့သည် ခံနိုင်မည်အကြောင်း စုံစမ်းနှောင့်ရှက်ခြင်းအရာ နှင့်တကွ၊ ထွက်မြောက်သောလမ်းကိုလည်း စီရင်ပြုပြင်တော် မူလိမ့်မည်။ ၁ကော၊၁၀း၁၃တွင်၊ ဘုရားရှင်၏ဂတိတော်ရှိသည်။

3. The way in / ပြည့်စုံသောအသက်တာသို့သွင်းပေးသောလမ်းခရီး

လောကမှာ လောကီစည်းစိမ် ကြွယ်ဝမှုသည် ပစ္စည်းဥစ္စာ အပေါ်တွင်မူတည်၏။ သခင်ယေရှု အပေါ်တည်သော အသက်တာသည် ဘုရားသခင်၏ကျေးဇူးတော်နှင့် ကျေးဇူးတော်၏အကျိုးကြောင့် လူများတို့၌ သာ၍ ကြွယ်ဝပြည့်စုံ၏။ လောကီကြွယ်ဝမှုက မတည်မြဲ ပျက်စီးယိုယွင်းသွားနိုင်သော်လည်း သခင်ယေရှုပို့ဆောင်သော ကြွယ်ဝပြည့်စုံသောအသက်တာက ထာဝရ ရှင်သန်၍ ရွှင်လန်းဝမ်းမြောက်စရာ ဖြင့်စုံလင်ခြင်းရှိ၏။

သင်တို့၌ ငါ၏ဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှါလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာ အကြောင်း စုံလင်စေခြင်းငှါလည်းကောင်း၊ ဤစကားကို သင်တို့အား ဟောပြော၏။ ရှင်ယောဟန် ၁၅း၄

ရှင်ပေါလုနဲ့သိလ ထောင်ထဲတွင် အကျဉ်းကျခံနေရလည်း သူတို့စိတ်မပျက်ဝမ်းနည်းခြင်း မရှိဘဲ သီချင်းဆိုနိုင်တယ်။ ရွှင်လန်းဝမ်းမြောက်နိုင်ပါတယ်။

တမန်တော်ဝတ္ထု၁၆း၂၅–၃၁ သန်းခေါင်အချိန်၌ ပေါလုနှင့်သိလတို့သည် ပဌနာပြု၍ ဘုရားသခင်ကိုချီးမွမ်းလျက် သီချင်းဆိုလေ၏။ ထောင်ထဲမှာနှောင်ဖွဲ့ခြင်းကို ခံရသောသူတို့သည် နားထောင်ကြ၏။ ထိုခဏခြင်းတွင် မြေကြီးသည်ပြင်းစွာ လှုပ်သောကြောင့် ထောင်မြေရင်းလည်းလှုပ်ရှား၏။ တံခါးရှိသမျှတို့သည် ချက်ခြင်းပွင့်၍ လူအပေါင်းတို့သည် နှောင်ဖွဲ့ခြင်းနှင့်လွတ်ကြ၏။ ထောင်မှူးသည်နိုး၍ ထောင်တံခါးများပွင့်လျက်ရှိသည်ကို မြင်လျှင်၊ နှောင်ဖွဲ့ခြင်း ကိုခံရသောသူတို့သည် ထွက်ပြေးကြပြီဟု ထင်မှတ်သည်နှင့် ထားကိုအိမ်မှဆွဲထုတ်၍ ကိုယ်အသက်ကို သတ်မည် ပြုလေ၏။ ပေါလုကလည်း၊ ကိုယ်ကိုအပြစ်မပြုနှင့်၊ ငါတို့အပေါင်းသည် ရှိကြ၏ဟု ကြီးသောအသံနှင့်ဟစ်၍ပြောဆို၏။ ထောင်မှူးသည် ညှိထွန်းသောမီးကို တောင်းပြီးမှပြေးဝင်၍ ပေါလုနှင့်သိလတို့၏ခြေရင်း၌တုန်လှုပ်လျက် ပြပ်ဝပ်လေ၏။ သူတို့ကိုပြင်သို့ထုတ်ပြီးလျှင်လည်း၊ သခင်တို့၊ အကျွန်ုပ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှါ အဘယ်သို့ပြုရပါမည်နည်းဟု မေးလျှောက်လေ၏။ ထိုသူတို့ကလည်း၊ သခင်ယေရှုခရစ်ကိုယုံကြည်လော့။ယုံကြည်လျှင်သင်နှင့်သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်ဟု ပြောဆို၏။

သခင်ယေရှုခရစ်ကိုယုံကြည်လော့။ ဆိုသည့်အတိုင်း သခင်ယေရှုကို ယုံကြည်မှသာလျှင် သခင့်အားဖြင့် ကယ်တင်ခြင်းကိုခံရ၍ ပြည့်စုံသောအသက်တာသို့ ဝင်စားရမည်။

4. The way up / **အထက်အရပ်သို့ရောက်သည့်လမ်းခရီး**

လူကိုဘုရားသခင် ဖန်ဆင်းရခြင်းသည် လူနှင့်ဘုရားမိတ်သဟာယ အတူဖွဲ့ဖို့ဖြစ်သည်။ (walk with God and talk with God) ဤလောကတွင် လူတို့သည် လောဘ၊ ဒေါသ၊ မောဟ၊ ကင်းပြီး ဘုရားမေတ္တာဖြင့် အသက်ရှင်ဖို့ ဖန်ဆင်းထား၏။ လူသည် အပြစ်သားဖြစ်၍ မစုံလင်ပါ။ အပြစ်အနာအဆာကင်းသော သိုးသူငယ်ပမာ တင်စားခံရသော သခင်ယေရှု တပါးတည်းသာ အပြစ်နှင့်ကင်းစင်ပါ၏။ သို့ဖြစ်၍၊ သခင်ယေရှုထံသို့ သွားရမည်။ သခင်ယေရှုသည် အထက်အရပ်သို့ရောက်မည့်လမ်းဖြစ်ပါသည်။ ဘုရားသခင်နှင့်လူအကြားရှိအနှောက်အရှက်အားလုံးကိုဖယ်ရှင်းပေးခဲ့သည်။ သခင်ယေရှုအားဖြင့်သာ အဘခမည်းတော် ထံသို့ရောက်နိုင်၏။

သခင်ယေရှုသည် လူ့ဇာတိခံယူပြီး အသေခံခြင်းဖြင့် ဤလမ်းကို ခင်းပေးခဲ့သည်။ ❑❑




## နှစ်သစ်ချိန်ခါ

**By: John Ma**

ကြည်နူးဖွယ်ရာ ... နှစ်သစ်ချိန်ခါ၊
ကျေးဇူးတော်ကို ... ချီးမွမ်းပါ။
ကောင်းချီးမင်္ဂလာ ... ကြွယ်ဝပါစေ။
အမှုတော်မြတ်၌ ... ပျော်မွေ့ပါစေ။
ဝိဉာဉ်ခွန်အား ... တိုးတက်ပါစေ။
အလိုတော်တိုင်း ... လျှောက်လှမ်းပါစေ။
ကိုယ်စိတ်နှစ်ဖြာ ... ကျန်းမာပါစေ။
စိတ်နှလုံးသား ... ချမ်းမြေ့ပါစေ။
လိုအင်ဆန္ဒ ... ပြည့်ဝပါစေ။
သောကဒုက္ခ ... ကင်းဝေးပါစေ။
မိတ်သင်္ဂဟ ... ပေါများပါစေ။
အလှူဒါန ... ပေးနိုင်ပါစေ။
အသက်ရာကျော် ... ရှည်ပါစေလို့၊
BCFမှ ... နှုတ်ခွန်းဆက်သ၊
ဆုမွန်တောင်းလျက် ... မေတ္တာပို့သည်။



## ဘုရားသခင်၏သားသမီးများ

**By: John Ma**

ဒုက္ခရောက်လည်း စိတ်မပျက်ဘဲ
ကောင်းကင်သို့ မျှော်ကြည့်
နေ့ညမပျက် ကိုယ်တော်ကြည့်ရှု
စောင့်ရှောက်ပေးနေ။

ခက်ခဲကြမ်းတမ်း ဝမ်းနည်းသော်လည်း
အရာခပ်သိမ်း ကိုယ်တော်ရှင်ပိုင်သ
ဆုတောင်းချက်တိုင်း ကိုယ်တော်နားညောင်း
လုံးဝလက်မလျှော့နဲ့။

ဖြစ်သမျှသည် အလိုတော်အတိုင်း
ဘုရားသခင် ချစ်သူအတွက်
အရာခပ်သိမ်း အကျိုးဖြစ်ထွန်း
ကောင်းချီးမင်္ဂလာ
သင့်ခွက်ဖလား ပြည့်လျှံစေမည်။

ကိုယ့်ဖို့မကြည့် လှစ်လျူရှုထား
လမ်းဆုံးသည့်တိုင် ကိုယ်တော်နောက်လိုက်။

အသက်ထက်ဆုံး သစ္စာရှိစွာ
ဆက်လက်လျှောက်လှမ်း။

အရာခပ်သိမ်း ကိုယ်တော်အားကိုး
ခွန်အားပြည့်မည်။

# သခင်ဘုရား ရှင်ပြန်ထမြောက်ပြီးမှ ကိုယ်ထင်ရှားပြခြင်း



သခင်ယေရှုသည်တပည့်တော်တို့အားကိုယ်ကိုပြတော်မူစဉ်

## *မိန်းမတို့အားကိုယ်ထင်ရှားပြခြင်း။*

**မဿဲ၊၂၈း၉–၁၀** - လမ်းမှာ သွားကြစဉ် ယေရှုသည် ကြိုဆိုတော်မူ၍ သင်တို့အား မင်္ဂလာဖြစ်စေသတည်းဟု မိန့်တော်မူ၏။ ထိုမိန်းမတို့သည် ချဉ်းကပ်၍ ခြေတော်ကို ဘက်ယမ်းလျက် ပြပ်ဝပ်ကိုးကွယ်ကြ၏။ ယေရှုကလည်း ကြောက်ရွံ့ခြင်း မရှိကြနှင့်။ သွားကြလော့။ ငါ့ညီတို့သည် ဂါလိလဲပြည်သို့ သွားစေခြင်းငှါ ဤသိတင်းစကားကို ကြားပြောကြလော့။ ထိုပြည်၌ သူတို့သည် ငါ့ကို တွေ့မြင်ရကြလိမ့်မည်ဟု မိန့်တော်မူ၏။

## *တပည့်တော်တို့ကိုစေခိုင်းခြင်း။*

**မဿဲ၊၂၈း၁၆–၂၀** - တကျိပ်တပါးသော တပည့်တော်တို့သည် ဂါလိလဲပြည်သို့ သွား၍ ယေရှုမှာထားတော်မူသော တောင်ပေါ် သို့တက်ကြလျှင်၊ ကိုယ်တော်ကို တွေ့မြင်၍ ပြပ် ဝပ်ကိုးကွယ်ကြ၏။ အချို့တို့သည် ယုံမှားခြင်း ရှိကြ၏။ ယေရှုသည် အနီးအပါးသို့ ချဉ်းတော်မူပြီးလျှင်၊ ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုး ရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသောပညတ် တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမဩဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။

## *မာဂဒလမာရိအားကိုယ်ကိုထင်ရှားပြတော်မူခြင်း။*

**မာကု၊ ၁၆း၉** - ကိုယ်တော်သည် ခုနစ်ရက်တွင် ပဌမနေ့ရက်စောစောအချိန်၌ထမြောက်ပြီးမှ၊ အထက်ကနတ်ဆိုး ခုနစ်ယောက်ကို နှင်ထုတ်တော်မူသော မာဂဒလမာရိအား ရှေ့ဦးစွာ ကိုယ်ကိုပြတော်မူ၏။

**ယောဟန်၊၂၀း ၁၉–၂၅** - ယေရှုကလည်း မာရိဟု ခေါ်တော်မူလျှင်၊ မာရိသည် လှည့်၍ ရဗ္ဗုနိဟု ထူးလေ၏။ ရဗ္ဗုနိအနက်ကား အရှင်ဘုရားဟု ဆိုလိုသတည်း။ ယေရှုကလည်း၊ ငါ့ကိုမဘက်နှင့်ဦး။ ငါသည် ငါ့ခမည်းတော်ထံသို့ မတက်ရသေး။ ငါ့ညီတို့ရှိရာသို့ သွားလော့။ ငါ၏ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ၏ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင့်ထံတော်သို့ ငါတက်ရမည်အကြောင်းအရာကို ကြားပြောလော့ဟု မိန့်တော်မူသည်နှင့်အညီ၊မာဂဒလမာရိသည် သွား၍ မိမိသည် သခင်ကိုတွေ့မြင်သည်ကို၎င်း၊ ထိုသို့မိန့်တော်မူသည်ကို၎င်း၊ တပည့်တော်တို့အား ကြားပြောလေ၏။

## *တပည့်တော်နှစ်ယောက်တို့အားကိုယ်ကိုထင်ရှားပြတော်မူခြင်း။*

**မာကု၊၁၆း၁၂–၁၃** - ထိုနောက်တပည့်တော်နှစ်ယောက်တို့သည် တောရွာသို့သွားစဉ်တွင် ကိုယ်တော်သည် ခြားနား သောအယောင်ကိုဆောင်လျက် ကိုယ်ကိုပြတော်မူ၏။ ထိုမှတပါး၊ တပည့်တော်နှစ်ယောက်တို့သည် ယေရုရှလင်မြို့နှင့် ခရီးလေးတိုင်ကွာသော ဧမောက်အမည်ရှိသောရွာသို့ ထိုနေ့၌သွားကြစဉ်တွင်၊ ဖြစ်ခဲ့ပြီးသောအကြောင်း အရာအလုံးစုံတို့ကို အချင်းချင်း ဆွေးနွေးပြော ဆိုကြ၏။ ထိုသို့ဆွေးနွေးပြောဆိုကြစဉ်တွင်၊ ယေရှုသည် ချဉ်းကပ်၍ သူတို့နှင့်အတူကြွတော်မူ၏။

## *တပည့်တော်(၁၁)ပါးတို့အားကိုယ်တော်ကိုပြတော်မူ၍စေခိုင်းချက်ကိုမိန့်တော်မူ၏။*

**မာကု၊၁၆း၁၄–၁၉** - တကျိပ်တပါးသောသူတို့သည် စားပွဲ၌လျောင်းကြစဉ်တွင် ကိုယ်တော်ကိုပြတော်မူ၍၊ ထမြောက်လျက်ရှိသော ကိုယ်တော်ကိုမြင်သောသူတို့၏စကားကို မယုံသောကြောင့် သူတို့ မယုံတတ်သောစိတ်၊ ခိုင်မာသောစိတ်ကို ဆုံးမ၍ အပြစ်တင်တော်မူပြီးမှ၊ သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံ ကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကိုခံရလတံ့။ ယုံကြည်သော သူတို့၌ဖြစ်အံ့သော နိမိတ်လက္ခဏာဟူမူကား၊ ငါ၏နာမကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်ကြလတံ့။ ထူးခြားသောဘာသာစကားမျိုးတို့ကိုပြောကြလတံ့။ မြွေတို့ကိုဘမ်းကိုင်ကြလတံ့။ သေစေတတ်သောအဆိပ်အတောက်ကိုသောက်စားလျှင် ဘေးဥပဒ်နှင့်ကင်းလွတ်ကြလတံ့။ မကျန်းမမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ ချမ်းသာပေးကြလတံ့ဟု မိန့်တော်မူ၏။

## *သခင်ယေရှုသည်တပည့်တော်နှစ်ယောက်နှင့်ဆွေးနွေးပြောဆိုတော်မူခြင်း။*

**လုကာ၊၂၄း၁၃–၃၅ -** ထိုမှတပါး၊ တပည့်တော်နှစ်ယောက်တို့သည် ယေရုရှလင်မြို့နှင့် ခရီးလေးတိုင်ကွာသော ဧမောက်အမည် ရှိသောရွာသို့ ထိုနေ့၌သွားကြစဉ်တွင်၊ ဖြစ်ခဲ့ပြီးသောအကြောင်းအရာအလုံးစုံတို့ကို အချင်းချင်း ဆွေးနွေးပြော ဆိုကြ၏။ ထိုသို့ဆွေးနွေးပြောဆိုကြစဉ်တွင်၊ ယေရှုသည် ချဉ်းကပ်၍ သူတို့နှင့် အတူကြွတော်မူ၏။ – ထိုသူတို့က အကျွန်ုပ်တို့နှင့်အတူ ဝင်၍နေပါ။ ညဦးယံအချိန်ရှိပြီ။ မိုဃ်းလည်းချုပ်ပါသည် ဟူ၍ ကိုယ်တော်ကို ကျပ်ကျပ်သွေး ဆောင်ကြ၏။ ထိုကြောင့် သူတို့နှင့်အတူနေခြင်းငှါ ဝင်တော်မူ၏။ စားပွဲ၌ သူတို့နှင့်အတူလျောင်း တော်မူစဉ်၊ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ သူတို့အားပေးတော်မူသည်တွင်၊ သူတို့သည် မျက်စိပွင့်လင်း၍ ကိုယ်တော်ဖြစ်သည်ကို သိကြ၏။

## *သောမအပြင်အခြားသောတပည့်တော်တို့အလယ်မှာယေရှုသည်ကြွလာတော်မူခြင်း။*

**ယောဟန်၊၂၀း၂၆–၂၈ -** ခုနစ်ရက်တွင် ပဌမနေ့ရက်ဖြစ်သော ထိုနေ့၌ ညအချိန်ရောက် သောအခါ၊ ယုဒလူတို့ကိုကြောက်၍ တံခါးများကိုပိတ်ထားလျက်၊ တပည့်တော်တို့သည် စည်းဝေးကြသောအရပ်သို့ ယေရှုသည်ကြွလာ၍ အလယ်မှာ ရပ်တော်မူလျက်၊ သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်းဟုမိန့်တော်မူ၏။ ထိုသို့မိန့်တော်မူပြီးမှ လက်တော်နှင့်နံဖေးတော်ကို ပြတော်မူ၏။တပည့်တော်တို့သည် သခင်ကိုမြင်လျှင် ဝမ်းမြောက်ခြင်းရှိကြ၏။ တဖန် ယေရှုက၊ သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ သည်နည်းတူ၊ သင်တို့ကိုငါစေလွှတ်သည်ဟု မိန့်တော်မူပြီးလျှင်၊ ထိုသူတို့အပေါ်၌ မှုတ်လျက်၊ သင်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံကြလော့။ အကြင်သူ၏အပြစ်ကို သင်တို့လွှတ်လျှင် ထိုသူသည်အပြစ် လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကို သင်တို့တည်စေလျှင်၊ ထိုသူသည်အပြစ် တည်လျက်ရှိ၏ဟု မိန့်တော်မူ၏။

ထိုသို့ယေရှုသည် ကြွလာတော်မူသောအခါ တမန်တော်တကျိပ်နှစ်ပါးအဝင်၊ ဒိဒုမုဟု အမည်ရှိသော သောမသည် ထိုတပည့်တော်တို့နှင့်အတူမရှိ။ ထိုသူတို့ ကလည်း၊ အကျွန်ုပ်တို့သည် သခင်ကိုမြင်ရကြပြီဟု သောမအားပြောဆိုကြလျှင်၊ သောမက လက်တော်၌ သံရိုက်ရာချက်ကိုမမြင်၊ သံရိုက်ရာချက်ကို လက်ညှိုးနှင့်မတို့မစမ်း၊ နံဖေးတော်ကိုလည်း လက်နှင့်မစမ်းမသပ်ရလျှင် အကျွန်ုပ်မယုံ ဟုဆို၏။

## *သခင်ယေရှုသည်ရှစ်ရက်မြောက်သောနေ့၌သောမအားထင်ရှားပြခြင်း။*

**ယောဟန်၊၂၁း၁–၆ -** ထိုနောက် ရှစ်ရက်မြောက်သော နေ့၌ တပည့်တော်တို့သည် တဖန် အထဲမှာရှိကြ၍ သောမလည်း ပါ၏။ တံခါးများကို ပိတ်ထားစဉ်အခါ ယေရှုသည်ကြွလာ၍ အလယ်မှာ ရပ်တော်မူလျက်၊ သင်တို့၌ ငြိမ်သက်ခြင်း ရှိစေသတည်းဟု မိန့်တော်မူ၏။ ထိုအခါသောမအား၊ သင်၏လက်ညှိုးကို ဆန့်၍ ငါ့လက် ကို ကြည့်လော့။ သင်၏လက်ကို ဆန့်၍ ငါ့နံဖေးကို စမ်းသပ်လော့။ ယုံမှားခြင်းမရှိနှင့် ယုံလော့ ဟုမိန့်တော်မူ၏။ သောမကလည်း၊ အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်ပါတကား ဟုပြန်၍လျှောက်၏။

## *သခင်ယေရှုသည်တပည့်တော်တို့အားကိုယ်ကိုပြတော်မူခြင်း။*

**ယောဟန်၊၂၁း၁–၆ -** တဖန် ယေရှုသည် တိဗေရိအိုင်နားမှာ တပည့်တော်တို့အား ကိုယ်ကိုပြတော်မူ၏။ ပြတော်မူသည်အကြောင်းအရာဟူမူကား၊ ရှိမုန်ပေတရုနှင့် ဒိဒုမုဟု အမည်ရှိသောသောမ၊ ဂါလိလဲပြည် ကာနမြို့သား နာသနေလ၊ ဇေဗေဒဲ၏သားနှစ်ယောက်၊ အခြားသောတပည့်တော် နှစ်ယောက်တို့သည် အတူရှိကြ၏။ ရှိမုန်ပေတရုက အကျွန်ုပ်သည် ငါးဘမ်းသွားမည်ဟုဆိုလျှင်၊ ထိုသူတို့က၊ အကျွန်ုပ်တို့လည်း လိုက်မည်ဟုပြောဆိုသည်နှင့် ထွက်သွားကြ၏။ ချက်ခြင်းလှေထဲ သို့ဝင်၍ ထိုညဉ့်တွင် တကောင်ကိုမျှမရကြ။ နံနက်ရောက်သောအခါ ယေရှုသည် ကမ်းနားမှာ ရပ်တော်မူ၏။ သို့ရာတွင် ယေရှုဖြစ်တော်မူသည်ကို တပည့်တော်တို့သည် မသိကြ။ ယေရှုက လည်း ချစ်သားတို့၊ စားစရာတစုံတခုရှိသလောဟု မေးတော်မူလျှင် မရှိပါဟု ပြန်ပြောကြ၏။ တဖန် ယေရှုက၊ လှေလက်ျာဘက်၌ ပိုက်ကွန်ကိုပစ်ချလော့။ ထိုသို့ပြုလျှင်ရလိမ့်မည်ဟု မိန့်တော် မူသည်အတိုင်း၊ ထိုသူတို့သည် ပစ်ချ၍ များစွာသောငါးတို့ကို အုပ်မိသောကြောင့်၊ ပိုက်ကွန်ကို ဆွဲ၍မရနိုင်။

ထိုအခါ ယေရှုချစ်တော်မူသော တပည့်တော်က၊ ငါတို့သခင်ပေတည်းဟု ပေတရုအား ပြောဆို၏။ သခင်ဖြစ်ကြောင်းကို ရှိမုန်ပေတရုသည်ကြားလျှင်၊ အဝတ်ကို မခြုံဘဲရှိလျက် အပေါ်အင်္ကျီကိုသာ ဝတ်စည်း၍ အိုင်ထဲသို့ဆင်းလေ၏။ အခြားသောတပည့်တော်တို့သည် ကမ်းနှင့်မနီးမဝေး အလံငါးဆယ် လောက်ကွာသည်ဖြစ်၍ ငါးများနှင့်ပိုက်ကွန်ကိုဆွဲငင်လျက် လှေစီး၍လာကြ၏။ ကုန်းပေါ်သို့ရောက်သောအခါ မီးခဲပုံကိုဎင်း၊ ကင်ထားသော ငါးကိုဎင်း၊ မုန့်ကိုဎင်း တွေ့မြင်ကြ၏။ ယေရှုကလည်း ယခုရသော ငါးအချို့ကို ယူခဲ့ကြဟု မိန့်တော်မူ၏။ ရှိမုန်ပေတရုသည် လှေပေါ်သို့တက်၍ ငါးကြီးတရာငါးဆယ့် သုံးကောင်နှင့် ပြည့်လျက်ရှိ သောပိုက်ကွန်ကို ကုန်းပေါ်သို့ ဆွဲတင်လေ၏။ ထိုမျှလောက်များသော်လည်း ပိုက်ကွန်သည် မဆုတ်မပြတ်ရှိ၏။ ယေရှုကလည်း၊ လာ၍နံနက်စာကိုစားကြလော့ဟု မိန့်တော်မူ၏။ သခင် ဖြစ်တော်မူကြောင်းကို တပည့်တော်တို့သည် သိကြသောကြောင့် ကိုယ်တော်သည် အဘယ်သူနည်းဟူ၍ တစုံတယောက်မျှ မမေးမလျှောက်ဝံ့ကြ။ ယေရှုသည်လာ၍ မုန့်နှင့်ငါးကိုယူပြီး လျှင် သူတို့အားပေးတော်မူ၏။ ထိုပြတော်မူခြင်းကား၊ ယေရှုသည်သေခြင်းမှ ထမြောက်တော်မူသည်နောက်၊ တပည့်တော်တို့အား ကိုယ်ကိုသုံးကြိမ်မြောက်သော ပြတော်မူခြင်း ဖြစ်သတည်း။

## *သခင်ယေရှုက၊ရှိမုန်ပေတရုအားငါ၏သိုးတို့ကိုကျွေးမွေးလော့။*

**ယောဟန်၊၂၁း၁၅–၁၉ -** နံနက်စာကို စားကြသည်နောက်၊ ယေရှုက၊ ယောနာ၏သားရှိမုန်၊ ဤသူတို့သည် ငါ့ကိုချစ် သည်ထက် သင်သည်သာ၍ချစ်သလောဟု ရှိမုန်ပေတရုအား မိန့်တော်မူလျှင်၊ ဟုတ်ပါ၏သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟု လျှောက်သော်၊ ငါ၏သိုးသငယ်တို့ကို ကျွေးမွေးလော့ဟု မိန့်တော်မူ၏။ တဖန် ယေရှုက၊ ယောနာ၏သားရှိမုန်၊ သင်သည်ငါ့ကိုချစ်သလောဟု ဒုတိယအကြိမ်မေးတော်မူလျှင်၊ ဟုတ်ပါ၏သခင်၊ကိုယ်တော်ကိုအကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟုလျှောက်သော်၊ ငါ၏သိုးတို့ကိုထိမ်းလော့ဟု မိန့်တော်မူ၏။ ယေရှုကလည်း ယောနာ၏သားရှိမုန်၊ သင်သည် ငါ့ကိုချစ်သလောဟု တတိယအကြိမ် မေးတော်မူလျှင်၊ သင်သည်ငါ့ကိုချစ်သလောဟု သုံးကြိမ်မြောက်အောင်မေးတော်မူသောကြောင့်ပေတရုသည်

စိတ်နာသဖြင့်၊ သခင်၊ ကိုယ်တော်သည် ခပ်သိမ်းသောအရာတို့ကို သိတော်မူ၏။ ကိုယ်တော်ကို ကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော် မူ၏ ဟုလျှောက်သော်၊ ယေရှုက၊ ငါ၏သိုးတို့ကို ကျွေးမွေးလော့။ ငါအမှန်အကန်ဆိုသည်ကား၊ သင်သည် ပျိုသောအသက်ရှိစဉ် ကိုယ်ကို ကိုယ်ပတ်စည်း၍ အလိုရှိရာအရပ်ရပ်သို့ သွားလာတတ်၏။ သင်သည် အိုသောအခါ လက်နှစ်ဖက်ကို ဆန့်ပြီးလျှင်၊ သူတပါးသည် သင့်ကို ပတ်စည်း၍ သင်အလိုမရှိရာ အရပ်သို့ ယူသွားလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော်၊ အဘယ်သို့သောသေခြင်းအားဖြင့် ပေတရုသည်ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေမည့် အရိပ်ကို ပေးတော်မူ၏။ ထိုသို့ မိန့်တော်မူပြီးမှ၊ ငါ့နောက်သို့ လိုက်လော့ဟု ပေတရုအား မိန့်တော်မူပြန်၏။

## *ဒမာသက်မြို့သို့သွားရာလမ်း၌ရှောလုအားကောင်းကင်ထဲ အလင်းနှင့်သံအားဖြင့် ထင်ရှားပြခြင်း။*

**တမန်တော်ဝတ္ထု၊ ၉း၁–၉ –** ရှောလုသည် သခင်ဘုရား၏တပည့်တော်တို့တဘက်၌ ခြိမ်းချောက်၍၊ အသေသတ်ခြင်းငှါ ပြင်စွာအသက်ရှူသဖြင့်၊ ထိုဘာသာဝင်သောယောက်ျားမိန်းမတို့ ကိုတွေ့လျှင်၊ ချည်နှောင်၍ ယေရုရှလင် မြို့သို့ပို့ဆောင်ရမည်အကြောင်း၊ ဒမာသက်မြို့၌ ရှိသော တရားစရပ်မှူးတို့ထံသို့ မှာစာကို ပေးပါဟု ယဇ်ပုရောဟိတ် မင်းထံ၌ ဝင်၍တောင်းပြီးမှ၊ သွား၍ ဒမာသက်မြို့အနီးသို့ရောက်သောအခါ၊ ကောင်းကင်ထဲကအလင်းသည်သူ့ပတ်လည်၌ ရုတ်ကနဲ ထွန်းတောက်လေ၏။ ရှောလုသည် မြေပေါ်မှာလဲ၍နေစဉ်၊ ရှောလု၊ ရှောလု၊ အဘယ် ကြောင့်ငါ့ကို ညှဉ်းဆဲသနည်းဟု မိမိအားပြောသောစကားသံကိုကြားလျှင်၊ သခင်၊ ကိုယ်တော်သည်အဘယ်သူ နည်းဟု မေးလျှောက်၏။ သခင်ဘုရားကလည်း၊ ငါကား သင်ညှဉ်းဆဲသောယေရှု ဖြစ်သတည်း။ သို့သော်လည်းထ၍မြို့သို့ဝင်လော့။ သင်ပြုရမည်အမှုကို ပြောလိမ့်မည်ဟုမိန့်တော်မူ၏။ ရှောလု နှင့်အတူသွားသော သူတို့သည် အသံကိုကြားရုံမျှသာရှိ၍၊ အဘယ်သူကိုမျှမမြင်ဘဲ မိန်းမောတွေဝေလျက်ရပ်နေကြ၏။ ရှောလုသည်လည်းမြေမှထ၍မျက်စိကိုဖွင့်သော်လည်း အဘယ်သူကိုမျှမမြင်နိုင်သည်ဖြစ်၍၊ သူ၏လက်ကိုဆွဲလျက်၊ ဒမာသက်မြို့သို့ပို့ဆောင်ကြ၏။

## *ကောရိန္တုမြို့၌ရှင်ပေါလုသက်သေခံခြင်း။*

**၁ကော၊ ၁၅း၃–၈။** ။ ငါသည် ကိုယ်တိုင်ခံယူသည်အတိုင်း သင်တို့အား ရှေ့ဦးစွာအပ်ပေးသောအကြောင်းအရာဟူမူကား၊ ခရစ်တော်သည်ကျမ်းစာလာသည်အတိုင်း ငါတို့အပြစ်ကြောင့်အသေခံတော်မူ၏။ သင်္ဂြိုဟ်ပြီးမှ၊ ကျမ်းစာလာသည်အတိုင်း သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူ၏။ ကေဖသည် ကိုယ်တော်ကိုမြင်ပြီးမှ၊ တကျိပ်နှစ်ပါးသောသူတို့သည် မြင်ရကြ၏။ ထိုနောက် ညီအစ်ကိုငါးရာမက၊ တပြိုင်နက်မြင်ရကြ၏။ ထိုသူတို့တွင် အများသောသူတို့သည် ယခုတိုင်အောင် အသက်ရှင်ကြသေး၏။ အချို့တို့သည် အိပ်ပျော်ကြပြီ။ ထိုနောက် ယာကုပ်မြင်ရ၏။ ထိုနောက် တမန်တော်အပေါင်းတို့သည် မြင်ရကြ၏။ နောက်ဆုံး၌ အချိန်မတော်မတန် ဘွားသောသူကဲ့သို့ဖြစ်သော ငါပင် မြင်ရ၏။

## *ယောဟန်အားဘုန်းတော်ထင်ရှား၍ခမည်းတော်၏စီမံချက်ကိုဖော်ပြခြင်း။*

**ဗျာဒိတ်ကျမ်း၊ ၁း၉–၂၀ -** ယေရှုခရစ်၏ ဆင်းရဲခြင်းဒုက္ခမှစ၍ နိုင်ငံတော်ကိုဃင်း၊ သည်းခံတော်မူခြင်းကိုဃင်း၊ သင်တို့နှင့် အတူဆက်ဆံသော အဘော်အဘက်၊ သင်တို့အစ်ကို ငါယောဟန်သည်၊ ဘုရားသခင်၏နှုတ်ကပတ်နှင့် ယေရှုခရစ်၏ သက်သေခံတော်မူချက်ကြောင့်၊ ပတ်မုကျွန်းမှာနေရစဉ်တွင်၊ သခင်ဘုရားနေ့၌ ဝိညာဉ်တော်ကိုခံရ၍၊ တံပိုးခရာအသံကဲ့သို့ ငါ့နောက်၌မြည်သောအသံကြီးကိုကြား၏။

## *တပည့်တော်တို့နှင့်အတူနေပြီးမှကောင်းကင်ဘုံသို့ဆောင်ယူခြင်းကိုခံတော်မူခြင်း။*

**လုကာ၊၂၄း ၃၆–၅၃ -** ထိုသို့ အချင်းချင်းပြောဆိုသောအခါ၊ ယေရှုသည် သူတို့အလယ်၌ရပ်တော်မူလျက်၊ သင်တို့အား ငြိမ်သက်ခြင်းဖြစ်စေသတည်းဟု မိန့်တော်မူ၏၊ တပည့်တော်တို့သည် တစ္ဆေကိုမြင်သည်ဟု စိတ်ထင်နှင့် ထိတ်လန့်ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ ကိုယ်တော်ကလည်း၊ အဘယ်ကြောင့် တုန်လှုပ်ခြင်းရှိကြ သနည်း။ အဘယ်ကြောင့်အထူးထူး အထွေထွေသော စိတ်ရှိကြသနည်း။ ငါ့လက်ကို ကြည့်ကြလော့။ ငါ့ခြေကိုလည်းကြည့်ကြလော့။ ငါကိုယ်ပင်ဖြစ်၏။ ငါ့ကိုကြည့်ရှုစမ်းသပ်ကြလော့။ ငါသည် သင်တို့မြင်သည်အတိုင်း အရိုးအသားနှင့်ပြည့်စုံ၏။ တစ္ဆေမည်သည်ကား ဤကဲ့သို့မပြည့်စုံဟု မိန့်တော်မူလျက်၊ လက်တော်ခြေတော်တို့ကို တပည့်တော်တို့အားပြတော်မူ၏။ ထိုသူတို့သည် အံ့သြ၍ ဝမ်းမြောက်သော အားဖြင့် မယုံနိုင်ဘဲ နေသေးသောအခါ၊ သင်တို့၌ စားစရာ တစုံတခုရှိသလောဟု မေးတော်မူလျှင်၊ ငါးကင်တပိုင်းနှင့် ပျားလပို့ကို ကပ်ပေးကြ၏။ ကိုယ်တော်သည် ယူ၍ သူတို့ရှေ့မှာ စားတော်မူ၏။ တဖန် မိန့်တော်မူသည်ကား၊ မောရှေ၏ပညတ္တိကျမ်းစာ၌ဃင်း၊ ပရောဖက်တို့၏ကျမ်းစာ၌ဃင်း၊ ဆာလံ ကျမ်းစာ၌ဃင်း၊ ငါ့ကိုရည်မှတ်၍ ရေးထားသမျှသော အချက်တို့သည် ပြည့်စုံရမည်ဟု ငါသည် သင်တို့နှင့်အတူ ရှိစဉ်အခါ သင်တို့အား ဟောပြောသောအကြောင်းအရာတို့ကား ဤအကြောင်းအရာ ပေတည်းဟု မိန့်တော်မူ၏။ ထိုအခါ ကျမ်းစာကို နားလည်စေခြင်းငှါ တပည့်တော်တို့၏ ဉာဏ်ကို ဖွင့်တော်မူလျှင်၊ ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍ သုံးရက်မြောက်သောနေ့၌ သေခြင်းမှထမြောက်ရမည်။ ခရစ်တော်၏ အခွင့်အားဖြင့် နောင်တတရားနှင့် အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရမည်။ သင်တို့သည်လည်း ဤအကြောင်း အရာတို့၏ သက်သေဖြစ်ကြ၏။ ငါ့ခမည်းတော်၏ ဂတိရှိသည်အတိုင်း သင်တို့၌ငါပြုဦးမည်။ သို့ဖြစ်၍ သင်တို့သည် ကောင်းကင်ကတန်ခိုးကို မခံမီတိုင်အောင် ယေရုရှလင်မြို့၌နေကြဦးလော့ဟု မိန့်တော်မူ၏။

ထိုနောက် တပည့်တော်တို့ကို ယေရုရှလင်မြို့ပြင်၊ ဗေသနိရွာတိုင်အောင် ဆောင်သွားတော်မူပြီးမှ၊ လက်တော်ကိုချီ၍ ကောင်းကြီးပေးတော်မူ၏။ ထိုသို့ ကောင်းကြီးပေးတော်မူစဉ်တွင် တပည့်တော်တို့နှင့်ခွာ၍ ကောင်း ကင်ဘုံသို့ ဆောင်ယူခြင်းကို ခံတော်မူ၏။ တပည့်တော်တို့သည် ကိုယ်တော်ကို ပြပ်ဝပ်ကိုးကွယ်ပြီးမှ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းနှင့် ယေရုရှလင်မြို့သို့ပြန်သွားကြ၏။ ဘုရားသခင်ကို အံ့သြချီးမွမ်းလျက် ဗိမာန်တော်သို့ ရောက်မြဲရောက်ကြ၏။ ❑



**ကောင်းကင်ဘုံသို့ဆောင်ယူတော်မူစဉ်**